ထာနေစိုး

# မြိတ်သမိုင်း ထုဆစ်ပုံဖော်သူများ - ဦးကြီးစိန်နှင့် 'တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး'

ဒေသန္တရသမိုင်း (Local History) ကို ပြုစုဖော်ထုတ်ရာတွင် ခေတ်အဆက်ဆက်၌ ကျန်ရစ်ခဲ့သော အထောက်အထားများကို စုဆောင်းညှိနှိုင်း၍ စာပေမှတ်တိုင် စိုက်ထူခဲ့ကြသည့် သမိုင်းပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှသည်။

မြိတ်-တနင်္သာရီဒေသ၏ သမိုင်းကြောင်းကို လေ့လာလျှင် ကိုလိုနီခေတ်အတွင်းထွက်ရှိခဲ့သည့် 'တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး' (၁၉၂၉) သည် မရှိမဖြစ်ကိုးကားရသော အခြေခံကျမ်းတစ်စောင်ဖြစ်သည်။ ဤဆောင်းပါးသည် အဆိုပါရာဇဝင်ကျမ်းကြီးကို ခဲယဉ်းစွာ ပြုစုအားထုတ်ခဲ့သော သမိုင်းပြုစုသူ ဆရာကြီး ဦးကြီးစိန်၏ ဘဝဖြစ်စဉ်နှင့် ၎င်း၏ သမိုင်းပြုစုမှုဆိုင်ရာ သုတေသနနည်းနာများကို ဆန်းစစ်တင်ပြရန် ရည်ရွယ်ပါသည်။



## ဆရာကြီး ဦးကြီးစိန်၏ ဘဝဖြစ်စဉ်

ဆရာကြီး ဦးကြီးစိန်၏ မွေးသက္ကရာဇ် ခုနှစ် အတိအကျကို ယနေ့တိုင် မသိရှိရသေးသော်လည်း ၎င်း၏ ဇာတိမှာ အထက်မြန်မာပြည် ကသာခရိုင်၊ ထီးချိုင့်မြို့ ဖြစ်သည်။ ဦးကြီးစိန်သည် ငယ်စဉ်က မန္တလေးမြို့တွင် ရဟန်းဘဝကို ခံယူခဲ့ပြီး ပရိယတ္တိစာပေများကို ဆည်းပူးခဲ့သည်။

နောက်ပိုင်းတွင် ရဟန်းဘဝဖြင့်ပင် တနင်္သာရီတိုင်း မြိတ်မြို့သို့ သာသနာပြု ကြွရောက်လာခဲ့ပြီး မြိတ်မြို့ရှိ ထင်ရှားသော အရှေ့ကျောင်းတိုက်နှင့် ဝတ်တိုက်ကျောင်းတိုက်တို့တွင် ဝါတော် ၂၅ ဝါခန့်အထိ တည်ငြိမ်စွာ သီတင်းသုံးခဲ့သည်။ ဤသို့ ရဟန်းဝါရင့်လာသည်အထိ သီတင်းသုံးခဲ့ခြင်းက ၎င်းအား မြိတ်ဒေသ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ရှေးဟောင်းအမွေအနှစ်များကို ထဲထဲဝင်ဝင် လေ့လာနိုင်စေရန် အခွင့်အလမ်းကောင်းများ ရရှိစေခဲ့သည်။ ဦးကြီးစိန်သည် နောက်ပိုင်းတွင် ရဟန်းဘဝမှ လူထွက်ခဲ့ပြီးနောက် မိမိဆည်းပူးခဲ့သော ဆေးဝါးပညာရပ်များဖြင့် မြိတ်မြို့တွင် မြန်မာသမားတော်ကြီးအဖြစ် အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။ ၎င်း၏ အိမ်ထောင်ရေးဘဝတွင် မော်တုန်းသူ ဒေါ်အောင်ဖွားနှင့် အကြောင်းပါခဲ့ပြီး သားသမီး ၄ ဦး ထွန်းကားခဲ့သည်။ ဇနီးဖြစ်သူ ဒေါ်အောင်ဖွား ကွယ်လွန်ခဲ့ပြီးနောက် ဇေတဝန်သူ ဒေါ်မြငွေသင်နှင့် ထပ်မံအိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်ကျပြီး ၁၀ နှစ်အကြာတွင် မြိတ်မြို့၏ စီးပွားရေးအချက်အချာကျသော ဈေးတန်းရပ်သို့ ပြောင်းရွှေ့အခြေစိုက် နေထိုင်ခဲ့သည်။







ဆရာကြီး ဦးကြီးစိန်နှင့်

တနင်္သာရီတိုင်း

မြိတ်ရာဇဝင်တော်ကြီး စာအုပ်

ဆရာကြီး ဦးကြီးစိန်သည် မိမိခဲယဉ်းစွာ စုဆောင်းညှိနှိုင်းခဲ့သော တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး' ကျမ်းကြီးကို မြန်မာသက္ကရာဇ် ၁၂၉၁ ခုနှစ် တန်ဆောင်မုန်းလ (ခရစ်နှစ် ၁၉၂၉ ခုနှစ်) တွင် မြိတ်မြို့ရှိ အင်္ဂလိပ်-မြန်မာစာပုံနှိပ်တိုက်၌ အောင်မြင်စွာ ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ထိုကျမ်းစာအုပ်သည် မြိတ်-တနင်္သာရီဒေသ၏ သမိုင်းကြောင်းကို ယိုးဒယားခေတ်၊ မြန်မာကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ်ဦးအထိ အပိုင်းကဏ္ဍအလိုက် စနစ်တကျ ပထမဆုံး စုစည်းတင်ပြနိုင်ခဲ့သည့်ကျမ်း ဖြစ်သည်။ စာအုပ်ထုတ်ဝေသည့် ကာလသည် ကိုလိုနီခေတ် (သူ့ကျွန်ဘဝ) ဖြစ်သော်လည်း မိမိတို့၏ ဒေသန္တရ သမိုင်းအမွေအနှစ်ကို မပျောက်ပျက်အောင် ထိန်းသိမ်းလိုသော မျိုးချစ်စိတ်ဓာတ်နှင့် စာပေအသိကို မီးမောင်းထိုးပြနေသည်။ ဤကျမ်းကြီးကြောင့်ပင် နောက်ပိုင်းခေတ်ပြိုင် သမိုင်းသုတေသနပညာရှင်များ၊ သမိုင်းလေ့လာလိုသူများသည် မြိတ်-တနင်္သာရီဒေသအကြောင်း ခြေယာကောက် လမ်းစရရှိခဲ့ကြခြင်း ဖြစ်သည်။

ဆရာကြီး ဦးကြီးစိန်သည် အထက်မြန်မာပြည်သား ဇာတိဖြစ်သော်လည်း မြိတ်မြို့တွင် ရဟန်းဝါ ၂၅ ဝါမျှ နေထိုင်ခဲ့ကာ ဒေသအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် "တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး"ကို ပြုစုခဲ့သည့် သမိုင်းဂုဏ်ဆောင် ပညာရှင်ကြီး ဖြစ်သည်။ ၎င်း၏ ကြိုးစားအားထုတ်မှုကြောင့် မြိတ်သမိုင်းသည် ပျောက်ကွယ်မသွားဘဲ ယနေ့တိုင် ခိုင်မာစွာ ထွန်းလင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာကြီးဦးကြီးစိန်အားမြိတ်ဒေသ၏ ရှေးဟောင်းသမိုင်းကြောင်းကို ထုဆစ်ပုံဖော်ပေးခဲ့သည့် "မြိတ်သမိုင်း၏ ဖခင်ကြီးတစ်ဦး" အဖြစ် လေးစားစွာ မှတ်တမ်းတင် အသိအမှတ်ပြုအပ်ပါသည်။

## အကိုးအကားများ (References)

၁။ ဦးကြီးစိန်။ (၁၉၂၉)။ တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး။ အင်္ဂလိပ်-မြန်မာစာပုံနှိပ်တိုက်၊ မြိတ်မြို့။

၂။ Jim Potter (Ed.), Thet Ko Ko (Trans.). (2023). Tanintharyi Yazawin: The Chronicles of Tenasserim by U Gyi Sein. James and Hook Books, Los Angeles.

၃။ ထာနေစိုး။ (၂၀၂၆)။ မြိတ်ခရိုင် စာပေခရီးလမ်းကြောင်းနှင့် မဂ္ဂဇင်းသမိုင်းဆိုင်ရာ မှတ်တမ်းများ။